**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဒုတိယဦးစီးမှူးရာထူး(၂၅၀)နေရာအတွက်**

**ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ထုတ်ပြန်ခြင်း**

၁၃၈၆ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်

(၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်း ကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၂၅၀)နေရာအတွက် ၃၁-၇-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ၁-၇-၂၀၂၄ ရက်နေ့နှင့် ၁၅-၇-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၂။ ဒုတိယဦးစီးမှူးရာထူး(၂၅၀)နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် စာစစ်ဌာန**

အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

( ခ ) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့်နေ့ရက်နှင့်အချိန်**

(၁) မေးခွန်းလွှာ (၁) မြန်မာစာဘာသာရပ်
၁-၉-၂၀၂၄ ရက် (တနင်္ဂနွေနေ့)
နံနက် (၀၉:၀၀) နာရီမှ (၁၁:၀၀) နာရီအထိ

မေးခွန်းလွှာ (၂) အင်္ဂလိပ်စာဘာသာရပ်
၁-၉-၂၀၂၄ ရက် (တနင်္ဂနွေနေ့)
မွန်းလွဲ (၁၃:၀၀) နာရီမှ (၁၅:၀၀) နာရီအထိ

(၂) မေးခွန်းလွှာ (၃) အထွေထွေဗဟုသုတဘာသာရပ်
၂-၉-၂၀၂၄ ရက် (တနင်္လာနေ့)
နံနက် (၀၉:၀၀) နာရီမှ (၁၁:၀၀) နာရီအထိ

၃။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများအား **လျှောက်ထားသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း) နှင့် ဘွဲ့လက်မှတ်(မူရင်း)**တို့ဖြင့် ၂၇-၈-၂၀၂၄ ရက် (အင်္ဂါနေ့) နှင့် ၂၈-၈-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) တို့တွင် ရုံးချိန်အတွင်း (**နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ**) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၌ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားထုတ်ယူထားသူများကိုသာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ **ဖြေဆိုခွင့်ကတ်ပြားအား သတ်မှတ်ရက်အတွင်းသာ ထုတ်ပေးမည်ဖြစ်ပြီး သတ်မှတ်ရက် ထက်ကျော်လွန်ပြီး ထုတ်ပေးမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။**

၄။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၀၂၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန